# ယုံကြည်ခြင်းက ဖြစ်မြောက်အောင်မြင်သည်

Norman Vincent Peale ၏ဆောင်းပါးမှ ကောက်နှုတ်ဖော်ပြချက်

ကျော်ကြားသောစိတ်ပညာရှင်ဝီလျံဂျိမ်းက သံသယဖြစ်ဖွယ်ရှိသော လုပ်ငန်းကို တာဝန်ယူ လုပ်ဆောင်ခြင်း၏အစတွင် ကျွန်ုပ်တို့၌ရှိသော ယုံကြည်ခြင်းသည် မိမိတို့၏ စွန့်စားဆောင်ရွက်ချက်မှ အောင်မြင်သော ရလဒ်များ သေချာပေါက် ရရှိစေသည့်တစ်ခုသောအရာ (ဤအခြင်းအရာကို မှတ်သား ပါ။ တစ်ခုသောအရာ) ပင်ဖြစ်သည်။

နာမည်ကျော်ကြားသော ကောင်းကင်ဘားတန်း ကျွမ်းကျင်သူတစ်ဦးက သူ၏ တပည့်များအား ကောင်းကင်ဘားတန်းအမြင့်ပေါ်၌ မည်သို့ လုပ်ဆောင်ရမည်ဆိုသည်ကို သင်ကြားပြသနေခဲ့ပါသည်။ ကျောင်းသားတစ်ယောက်သည် လုံးဝ မှင်တက်မိနေခဲ့သည်။ သူမြေပြင်ပေါ်သို့ ပြုတ်ကျ-ခဲ့သည့် ကြောက်စရာမြင်ကွင်း ရရှိခဲ့သောကြောင့် သူ၏ ကြွက်သားများ မလှုပ်ရှားနိုင်တော့ပါ။ သူကကြောက်ရွံ့ထိတ်လန့်လွန်းလှသောကြောင့်"ကျွန်တော်မလုပ်နိုင်တော့ဘူး"ဟု ပင့်သက်ရှိုက်၍ ပြောလိုက်ပါသည်။

နည်းပြဆရာက ထိုကောင်လေး၏ ပုခုံးအား သိုင်းဖက်၍ "သား-မင်းဒါကို လုပ်နိုင်ပါတယ်၊ ဘယ်လိုလုပ်ရမလဲဆိုတာ မင်းကို ငါပြောပြမယ်" ဟု ပြောခဲ့သည်။ ထို့နောက်သူသည် ကျွန်တော်ကြားဖူးသမျှအနက် ဉာဏ်အမြော်အမြင်အရှိဆုံး မှတ်ချက်တစ်ခုကို ပေးခဲ့ပါသည်။ သူက "မင်းရဲ့နှလုံးသားကို ကောင်းကင်ဘားတန်းပေါ် ပစ်တင်လိုက်ရင် မင်းရဲ့ ကိုယ်ခန္ဓာက နောက်ကနေ လိုက်လာပါလိမ့်မယ်"

ထိုစာကြောင်းကို မိတ္တူကူးပါ။ ယင်းကို ချရေးပြီး သင်၏ အိပ်ကပ်ထဲတွင် ထည့်ထားလိုက်ပါ။ သင်၏ စိတ်နှလုံးထဲ၌ ရေးမှတ်လိုက်ပါ။ ဤစာကြောင်းထဲ၌ စွမ်းအားများဖြင့် ပြည့်နှက်နေပါသည်။ "မင်းရဲ့နှလုံး သားကို ကောင်းကင်ဘားတန်းပေါ် ပစ်တင်လိုက်ရင် မင်းရဲ့ ကိုယ်ခန္ဓာက နောက်ကနေ လိုက်လာပါလိမ့်မယ်"။

သင်သည် ယုံကြည်ခြင်းစွမ်းအားဖြင့် မည်သည့်အတားအဆီးကိုမဆို ကျော်လွှားနိုင်ပြီး အလွန်ကောင်းသော အရာများကို ဆွတ်ခူးရရှိနိုင်ပါသည်။ သင်၏ ယုံကြည်ခြင်းစွမ်းအားကို မည်ကဲ့သို့ တိုးတက်အောင်လုပ်မည်နည်း? သင်၏ စိတ်နှလုံးကို သမ္မာကျမ်းစာ၏ အနက်ရှိုင်းဆုံး နှုတ်ကပတ်တော် စကားများဖြင့် ပြည့်ဝနေစေပါ။ ကျမ်းစာဖတ်ခြင်းအတွက် တစ်နေ့ကို အချိန်တစ်နာရီသုံးပါ။ အဓိပ္ပာယ် နက်ရှိုင်းသော ကျမ်းပိုဒ်များကို မှတ်မိစေ အလွတ်ကျက်မှတ်ပါ။ ယင်းနှုတ်ကပတ်တော်များအား သင်၏ ပင်ကိုယ်စရိုက်ကို ပြုပြင်မွမ်းမံခွင့်ပေးလျှင် သင်၏ အသက်တာ၌ အံ့ဖွယ်သရဲ ပြောင်းလဲခြင်းမျိုးကို တွေ့ကြုံရလာပေလိမ့်မည်။

ဓမ္မသစ်ကျမ်းကို ဖတ်ပါ။ ယုံကြည်ခြင်းနှင့်ပတ်သက်သည့် ခိုင်မာသော ရေးသားချက် တစ်ဒါဇင်လောက်ကို ရွေးထုတ်ပြီးတစ်ခုဆီကိုအလွတ်ကျက်ပါ။ အထူးသဖြင့် အိပ်ယာဝင်ခါနီးတွင် ထပ်ခါတလဲလဲ ရွတ်ဆိုပါ။ ယင်းတို့သည် သင်၏ တွေးခေါ်မှုပုံစံကို တစ်ချိန်ချိန်တွင် ပြုပြင်မွမ်းမံပေးလိမ့်မည်။ ဤလုပ်နည်းအစဉ်က သင့်အား ယုံကြည်သူအဖြစ်၊ မျှော်လင့်သူအဖြစ် ပြောင်းလဲ ပေးလိုက်မည်ဖြစ်ပြီး သင်သည် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်သူဖြစ်လာမည်။ ထို့နောက် သင်နှင့် ဘုရားသခင်ဆုံးဖြတ်ထားသည့် ဘဝအသက်တာမှ မည်သည့်အရာကို မိမိအမှန်တကယ်လိုချင်သည်ဆိုသောအရာအား ရယူရန်အတွက် အသစ်သောစွမ်းအား ရရှိလာပေလိမ့်မည်။

လူတစ်ယောက်သည် မိမိကိုယ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဖြစ်လာစေရန် မည်သို့ လုပ်ဆောင်နိုင်ကြောင်းကို သမ္မာကျမ်းစာက အလေးထား ပြောကြားသည်။ ဘဝတွင် ယုံကြည်ချက်အကောင်းမြင်အတွေးအခေါ် ဘုရားသခင်၌ ယုံကြည်ခြင်းနှင့် သူတစ်ပါးအပေါ်၌ ယုံကြည်ခြင်း၊ သင့်ကိုယ်ကိုသင် ယုံကြည်ခြင်း စသည်တို့သည် သမ္မာကျမ်းစာ၏ သွန်သင်ထားသော နည်းပညာ၏ အနှစ်သာရပင်ဖြစ်သည်။ "ယေရှုကလည်း သင်သည် ယုံကြည်နိုင်သလော။ ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်သည်ဟု မိန့်တော်မူ၏" (မာကု ၉း၂၃)။ "ယုံကြည်ခြင်းရှိလျှင် သင်တို့မတတ်နိုင်သောအမှုမရှိ" (မဿဲ ၁၇း၂၀)။ "သင်တို့သည် ယုံကြည်ခြင်းရှိသည့်အတိုင်း သင်တို့၌ ဖြစ်စေဟု မိန့်တော်မူလျှင် . . . " (မဿဲ ၉း၂၉) ယုံ-ကြည်ပါ၊ ယုံကြည်ပါ။ ဤအကြံပြုချက်တွင် သမ္မာကျမ်းစာက ယုံကြည်ခြင်းသည် တောင်ကိုပင် ရွှေ့စေနိုင်သည်ဟူသည့် အမှန်တရားကို ထိမိစွာဖြင့် စိတ် ထဲ စွဲမြဲစေပါသည်။

---

ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ မမြင်ရသည့်အရာကို ယုံကြည်ရန်ဖြစ်ပြီး ထိုယုံကြည်ခြင်း၏ ဆုလာဘ်သည် ကျွန်ုပ်တို့ ယုံကြည်သည့်အရာကို မြင်ရရန်ဖြစ်သည်။

St.Augustine (354-430 AD)

သင်တတ်နိုင်သည်ဟု သင်ယုံကြည်လျှင် သင်တတ်နိုင်သည်မှာ သေချာသလောက်ပင်။ သင်မတတ်နိုင်ဟု သင်ယုံကြည်လျှင် များသောအားဖြင့် သင်မတတ်နိုင်မည်မှာ သေချာသလောက်ပင်ဖြစ်သည်။ ယုံကြည်ခြင်းသည် ဒုံးလွှတ်စင်မှ ဒုံးပျံကို ပစ်လွှတ်သည့် ခလုတ်ဖြစ်သည်။

Denis Waitley (1933) အမေရိကန်စာရေးဆရာ စကားပြောသူ လေ့ကျင့်ရေးဆရာ အမြင့်ဆုံးစွမ်းဆောင်မှု ကျွမ်းကျင်သူ

## ယုံကြည်ခြင်းသည် ...

### ... မမြင်နိုင်သော အရာကို ယုံကြည်ခြင်းဖြစ်သည်။

**ယုံကြည်ခြင်းသည်** မုန်တိုင်းထန်သောအချိန်၌ ငြိမ်သက်အေးချမ်းခြင်းဖြစ်သည်။

**ယုံကြည်ခြင်းသည်** တက်ကြွမှု ကင်းမဲ့ခြင်းမဟုတ်၊ ၎င်းယုံကြည်သည့်အရာကို ပြုမူလုပ်ဆောင်ခြင်းဖြစ်သည်။

**ယုံကြည်ခြင်းသည်** သင်လိုအပ်သည့်အရာကို တောင်းခံခြင်းဖြစ်သည်။

**ယုံကြည်ခြင်းသည်** မကြားရသောအသံကိုကြားရခြင်း၊ မမြင်နိုင်သောအရာကို မြင်တွေ့ခြင်း၊ မယုံကြည်နိုင်လောက်သောအရာကို ယုံကြည်ခြင်းနှင့် မဖြစ်နိုင်သောအရာကို လက်ခံခြင်းဖြစ်သည်။

**ယုံကြည်ခြင်းသည်** သာမန်သမရိုးကျ မျှော်မှန်းချက်၊ အခြေအနေများနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။

**ယုံကြည်ခြင်းသည်** သင်၏ နှလုံးသားအတွင်း၌ ဘုရားသခင်က ဖြည့်ဆည်းပေးရန် လေဟာနယ်များကို ဖန်တီးပေးနေခြင်းဖြစ်သည်။

**ယုံကြည်ခြင်းသည်** ဘုရားသခင်တတ်နိုင်သည်ကို ယုံကြည်နေခြင်းမျှသာမဟုတ်ဘဲ ဘုရားသခင်လုပ်လိမ့်မည်ဆိုခြင်းကိုပါ ယုံကြည်ခြင်းဖြစ်သည်။

**ယုံကြည်ခြင်းသည်** အဖြေအပေါ်၌ အံ့အားသင့်ခြင်းမဖြစ်၊ ယင်းဖြစ်လာမည်ကို မျှော်လင့်ထားခြင်းဖြစ်သည်။

David Brandt Berg